# ပြည်ထောင်စုသမ္မတနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ( ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန )
## ဖျာပုံခရိုင်
## ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဘိုးရောင်ကျေးရွာအုပ်စု၊ ဘိုးရောင်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ( VDP )

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘိုးရောင်ကျေးရွာအုပ်စု၊ ဘိုးရောင်ကျေးရွာ၊ဘိုကလေးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ (     ) ရက်

## မာတိကာ

| စဉ် | အကြောင်းအရာ | မှ - ထိ |
|---|---|---|
| ၁။ | အတိုကောက်စကားလုံးများ | ၁ |
| ၂။ | စကားချီး | ၁-၂ |
| ၃။ | ဘိုကလေးမြို့နယ်၊ဘိုးရောင်ကျေးရွာအရင်းအမြစ်ပြမြေပုံ | ၃ |
| ၄။ | ဘိုကလေးမြို့နယ်၊ဘိုးရောင်ကျေးရွာရာသီခွင်ပြပြက္ခဒိန် | ၄ |
| ၅။ | ဘိုကလေးမြို့နယ်၊ဘိုးရောင်ကျေးရွာအဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေပြဇယား | ၅ |
| ၆။ | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | |
| ၇။ | **(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | ၆-၇ |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၇ |
| ၈။ | **(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** | |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | ၇ |
| | (ခ) သဘာဝအရင်းအမြစ်များ | ၈ |
| ၉။ | **(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** | |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | ၈ |
| | (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၈ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၈-၉ |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၉ |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၉ |
| | (စ) ကျား၊မရေးရာ | ၉-၁၀ |
| ၁၀။ | **(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | ၁၀ |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၁၀ |
| | (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၀-၁၁ |
| | (ဃ) သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ် | ၁၁ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၁ |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၁ |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | ၁၂ |
| | (ဇ) အခြေခံအဆောက်အဦး-လမ်းတံတားလျှပ်စစ်မီး၊သတင်းနှင့်ဆက်သွယ်ရေး လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး | ၁၂ |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၂ |
| ၁၁။ | **(၅) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတား နှင့်စိန်ခေါ်မှုများ** | |
| | (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ | ၁၂-၁၃ |
| | (ခ) အဟန့်အတားနှင့်စိန်ခေါ်မှု | ၁၃ |

## မာတိကာ


| စဉ် | အကြောင်းအရာ | မှ - ထိ |
|---|---|---|
| ၁၂။ | (၆)ဘိုးရောင်ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာတည်ဆောက်မှုအခြေအနေပြဇယား | ၁၃-၁၅ |
| ၁၃။ | **(၇)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်များ** | ၁၅ |
| | (က) ကျေးရွာကွင်းထွက်အဆင့်မြှင့်တင်ခြင်း | ၁၅ |
| | (ခ) ကျေးရွာ(အရှေ့)လမ်းအဆင့်မြှင့်တင်ခြင်း | ၁၅ |
| | (ဂ) ကျေးရွာက(အနောက်)လမ်းအဆင့်မြှင့်တင်ခြင်း | ၁၆ |
| | (ဃ) စာသင်ကျောင်းအဆင့်မြှင့်တင်ခြင်း | ၁၆ |
| | (င) ပါတူးချောင်း-ဘိုးရောင်-ရေကျော်လမ်းအဆင့်မြှင့်ခြင်း | ၁၆ |
| | (စ) ကျေးရွာဆိပ်ခံတံတားတည်ဆောက်ခြင်း | ၁၆ |
| | (ဆ) ကျား/မအလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိရေး | ၁၆ |
| | (ဇ) စာကြည့်တိုက်တည်ဆောက်ခြင်း | ၁၆ |
| | (ဈ) စိုက်ပျိုးရေးနှင့်မွေးမြူရေးတိုးတက်ကောင်းမွန်ရေး | ၁၇ |
| | (ည) မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်း | ၁၇ |
| ၁၄။ | (၈) **ဦးစားပေးစီမံချက်များ** | |
| | (က) ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးစီမံချက်များ | ၁၇ |
| | (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစား စီမံချက်အုပ်စုခွဲခြားခြင်း | ၁၇-၁၈ |
| | (ဂ) ဦးစားပေးစီမံချက်များ | ၁၈-၁၉ |
| | (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ | ၁၉ |
| ၁၅။ | **(၉)ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်** | |
| | (က) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် | ၂၀ |
| | (ခ) ဘိုးရောင်ကျေးရွာအုပ်စု၊မရဲ့ဝကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၂၀ |
| ၁၆။ | **(၁၀)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ** | |
| | (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ | ၂၀ |
| | (၁၀-၂) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ | ၂၁ |
| | (၁၀-၃)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ | ၂၁ |
| | (၁၀-၄) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ | ၂၁-၂၂ |
| ၁၇။ | **(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** | |
| | (၁၁-၁)ကြီးကြပ်စစ်ဆေးခြင်း | ၂၂ |
| | (က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical Progress) | ၂၂ |
| | (ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Finacial Progress) | ၂၃ |
| | (၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မကဲဖြတ်ပွဲ | ၂၃ |
| ၁၈။ | **ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ** | |
| | (၁) လူမှုစီးပွားရေး အခြေအနေ | |
| | ဇယား (၁)လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၂၄ |
| | ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ | ၂၅ |

# မာတိကာ


| စဉ် | အကြောင်းအရာ | မှ - ထိ |
|---|---|---|
| ၁၈။ | ဇယား(၃)ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ | ၂၅-၂၆ |
| | ဇယား(၄)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၂၆-၂၇ |
| | ဇယား(၅)ဥစ္စာခေနအဆင့်အခြေအနေ | ၂၇ |
| | ဇယား(၆)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၂၈ |
| | ဇယား(၇)အဓိကသီးနှံများနှင့် အထွက်နှုန်း | ၂၈-၂၉ |
| | ဇယား(၈)မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၂၉ |
| | ဇယား(၉)စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများ | ၃၀ |
| | ဇယား(၁၀)ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၃၁ |
| | ဇယား(၁၁)ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ | ၃၁ |
| | ဇယား(၁၂)ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၃၁-၃၂ |
| | ဇယား(၁၃)သယ်ယူပို့ဆောင်ရေးယာဉ်များ | ၃၂ |
| | ဇယား(၁၄)လျှပ်စစ်မီးရရှိမှု | ၃၃ |
| | ဇယား(၁၅)ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၃၃ |
| | ဇယား(၁၆)ကျောင်းတက်နှုန်း | ၃၃-၃၄ |
| | ဇယား(၁၇)စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၃၄-၃၅ |
| | ဇယား(၁၈)အဖြစ်များသောရောဂါများ | ၃၅ |
| | ဇယား(၁၉)လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၃၆ |
| | ဇယား(၂၀)ကျန်းမာရေး အထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၃၆ |
| | ဇယား(၂၁)သောက်သုံးရေရရှိမှု | ၃၇ |
| | ဇယား(၂၂)အိမ်သာအမျိုးအစား | ၃၇-၃၈ |
| | ဇယား(၂၃)ကျေးရွာ၏ထိခိုက်နိုင်သည့်ဘေးအန္တရာယ်များအခြေအနေ | ၃၈ |
| | ဇယား(၂၄)သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ | ၃၉ |
| | ဇယား(၂၅)ကျား-မရေးရာ | ၃၉-၄၀ |
| ၁၉။ | ကိုးကားစာရင်း | ၄၀ |

## ဘိုကလေးမြို့နယ်၊ဘိုးရောင်ကျေးရွာအုပ်စု၊ဘိုးရောင်ကျေးရွာ
## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်း ပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင် ရမည့်လုပ်

ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများက ဆန်းစစ်သုံးသပ်ရန် နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည် ဖော်မည့်ဗျူဟာ၊ဦးစားပေး လုပ်ငန်းအစီအစဉ်များ ၊ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>
ဘိုးရောင်ကျေးရွာအုပ်စု၊ဘိုးရောင်ကျေးရွာ<br>
ဘိုကလေးမြို့

ရက်စွဲ ၊ ၂၀၁၈ခုနှစ် ၊ ဩဂုတ် လ ရက်

## ဘိုကလေးမြို့နယ်၊ ဘိုးရောင်ကျေးရွာအရင်းအမြစ်ပြမြေပုံ




# ဘိုကလေးမြို့နယ်၊ ဘိုးရောင်ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်

ဘိုးရောင်ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | နွေပေါ်သီး | နွေပေါ်သီး | ထွန်ယက်ပျိုးကြဲ | ပျိုးနုတ်ကောက်စိုက် | ပျိုးနုတ်ကောက်စိုက် | ကျကမ်း | ကျကမ်း | မိုးပေါ်သီး | မိုးပေါ်သီး | ပေါင်းနှုတ် ဆွမ်းအားနု ထည့် | ကျကမ်း | ကျကမ်း |
| ရာသီဥတု | နွေ | နွေ | နွေ | မိုး | မိုး | မိုး | မိုး | ဆောင်း | ဆောင်း | ဆောင်း | ဆောင်း | နွေ |
| သဘာဝဘေး | မီးဘေး | - | - | ရေကြီး | ရေကြီး | မုန်တိုင်း | မုန်တိုင်း | - | - | - | - | မီးဘေး |
| ကျန်းမာရေး | အပူလွန် ရာသီဖျား | ဝမ်းပျက် ဝမ်းလျှော | အေးလွန် တုပ်ကွေး | - | - | တုပ်ကွေး | - | - | - | - | - | အပူလွန် ဝမ်းပျက် |
| ပွဲတော်များ | သင်္ကြန် | ညောင်ရေ သွန်းပွဲ | - | သင်္ကန်းကပ် | သင်္ကန်းကပ် | | မီးထွန်းပွဲ | ကထိန်ပွဲ | - | - | ဘုရားပွဲ | ဘုရားပွဲ |
| သောက်ရေရှားမှု | အလွန်နည်း | အလွန်နည်း | - | - | - | - | - | - | - | - | အသင့်အတင့် | အသင့်အတင့် |
| ဝင်ငွေ / ထွက်ငွေ | ◇◇◇ / ◇◇◇ | ◇◇◇ / ◇◇◇◇ | ◇◇ / ◇◇◇◇ | ◇ / ◇◇◇◇ | ◇ / ◇◇◇◇ | ◇◇ / ◇◇◇◇ | ◇◇◇ / ◇◇◇◇ | ◇◇◇◇ / ◇◇◇◇ | ◇◇◇◇ / ◇◇◇◇ | ◇◇ / ◇◇◇◇ | ◇ / ◇◇◇◇ | ◇ / ◇◇◇◇ |

## ဘိုကလေးမြို့နယ်၊ ဘိုးရောင်ကျေးရွာအဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေပြဇယား



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်း / ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲ အကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲ ရာတွင်ကျေးရွာလူ ကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုလုရန်အရေးကြီးပုံကိုအေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံ အချက်များ ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ ၊ ( ၅ ) နှစ်တာ ကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များ အားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ)စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦး ဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်း ပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည် ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီဝင်အနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဘိုကလေးမြို့နယ် ၊ဂုံညင်းတန်းမြစ်ဘေးတွင်တည်ရှိပြီး မြို့နှင့်ဆက်သွယ်သွားလာရန်မှာ ရေလမ်းကြောင်းမှ ရေမိုင်(၅)မိုင်ခန့် ကွာဝေးပါသည်။မြေပြန့်ဒေသတွင် တည်ရှိပြီး မိုးတွင်းကာလတွင်အုပ်ချုပ်ရေးရုံးစိုက်ရာ ဘိုကလေးမြို့နယ်နှင့် သွားလာရခက်ခဲမှုရှိပါသည်။ကျေးရွာရှိ ရွာသူ/သားတို့၏အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။လယ်ယာမြေများသည် မိုးစပါးနှင့် နွေစပါးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။

### (ခ)သဘာဝအရင်းအမြစ်

ကျေးရွာသည်ဂုံညှင်းတန်းမြစ်ဘေးတွင်ရှိသဖြင့်စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေကို လွယ်ကူစွာ ရရှိအသုံးပြုနိုင်ပါသည်။ကျေးရွာတွင် စိုက်ပျိုးမြေဧက အသင့်အတင့် ပိုင်ဆိုင်ပြီး မြေဆီမြေသြဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ရွာ၏စိုက်ပျိုးမြေဧက (၅၁၁)ဧကခန့်ရှိပြီး မိုးစပါးနှင့် နွေစပါးကိုသာ အဓိကထားစိုက်ပျိုးပါသည်။ကျေးရွာတွင် သဘာဝတွင်းထွက် သယံဇာတပစ္စည်းများ မထွက်ရှိပါ။သဲ၊ကျောက်စ ရစ်အစရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံး သဘာဝရင်းမြစ်များ လက်လှမ်းမှီမှု လွယ်ကူပါသည်။ကျေးရွာတွင် စားကျက်မြေများ သီးသန့်မရှိပါ။

### ၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း(၁၄၅)စုနှင့် ကျား(၂၈၅)ဦး မ(၃၀၆)ဦးဖြင့် လူဦးရေ စုစုပေါင်း (၅၉၁)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၈၆)ဦး နှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ နှုန်း(၅)ဦးထက်လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများ နှင့်ဟိန္ဒူဘာသာဝင် အနည်းငယ် နေထိုင်ကြပြီး၊ အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေ အားလုံး၏ (၈၀%) ရှိပြီး အမျိုးသမီးမှာ အမျိုးသား အရေအတွက်ထက် (၆%) ပိုများသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူ ဖြစ်နိုင်ပါသည်။

### (ခ)စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာနေ ပြည်သူတို့၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာသာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ဥစ္စာနေ အဆင့်အခြေအနေ သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၅၅%) သည် ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်ကြပြီး (၃၆%)သည် အလယ်အလတ်အဆင်ပြေကြသော အိမ်ထောင်စုများဖြစ်ကြီး သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ရွာရှိစုစုပေါင်း အိမ်ထောင်စု၏ (၉%)သည်သာ အဆင်ပြေချမ်းသာသည့်အဆင့် အိမ်ထောင်စုများဖြစ်ကြပါသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု သွင်းအားစု လက်လှမ်းမီမှု၊လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ဆင်းရဲသော အိမ်ထောင်စုများဖြစ်သည့် လယ်ယာမဲ့အိမ်ထောင်စုများမှာ ရွာတွင်အများဆုံးဖြစ်ပြီး ရေလုပ်ငန်းကဲ့သို့သော ဝင်ငွေရ အလုပ်များကို အခါအားလျော်စွာ လုပ်ကိုင်ကြပါသည်။ခေါင်းရွက်ဗျက်ထိုးနှင့် အသေးစား အရောင်းအဝယ် လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။

### (ဂ)ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ ထက်ဝက်ကျော် (၅၅%) ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများတွင်ဝင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ရေလုပ်ငန်းနှင့်ကျဘမ်းလုပ်ကိုင် စားသောက် အသက်မွေးကြပါသည်။ ကျေးရွာမှ ဆင်းရဲနွမ်းပါးကြသော အိမ်ထောင်စုများအား လေ့လာ ဆန်းစစ်မှုအရ စားဝတ်နေရေးအတွက် ချေးငွေများ လိုအပ်မှု တွေ့ရှိရပါသည်။ ချေးငွေအများစုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး

တက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်းမှ ရရှိ၍ အဆင်ပြေပါသည်။ဆင်းရဲနွမ်းပါးလှသော အိမ်ထောင်စုများအနေဖြင့် အသေးစားချေးငွေ ဝန်ဆောင်မှုများမှ ရရှိလျှင် ပို၍အဆင်ပြေနိုင်ပါသည်။ချေးငွေများကိုအသုံးပြုကြပုံမှာ စားသုံးရန်နှင့် ကျန်းမာရေးကိစ္စရပ်များတွင် အဓိကသုံးစွဲကြပြီး ဝင်ငွေရ အလုပ်အကိုင်များနှင့် ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင်ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့်မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်ကြသည့် သက်ကြီးရွယ်အိုများဖြစ်ကြသည်။သဘာဝဘေးအန္တရာယ်အနေဖြင့် မြစ်ဘေးတွင်တည်ရှိသဖြင့် မုန်တိုင်းဒဏ်၊ ရေကြီးမှုဒဏ်တို့ကို ထိခိုက်သက်ရောက်မှုလွယ်ကူစွာ ခံစားရနိုင်ပါသည်။ကျေးရွာတွင် သဘာဝဘေး ခိုလှုံရန်အတွက် အဆောက်အဦ အခိုင်အမာတည်ရှိပါသည်။

## (ဃ)ကျန်းမာရေးနှင့် အဟာရ

ကျေးရွာတွင် ရွာသူ/သားအများစုသည်သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန် ကြပြီး၊အာဟာရကြွယ်ဝမှုရှိကြသည်။ ကလေးများသည်လည်း ကျန်းမာရေး ထိခိုက်မှု ကြီးကြီးမားမား မရှိဘဲ ကျန်းမာကြသည်။ ကျေးရွာတွင် ကာကွယ်ဆေးတိုက်မှု၊ထိုးနှံမှုတို့ နှစ်စဉ်ရှိပြီး အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းအများစုတို့သည် တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိသင့်သလောက်ရှိကြပါသည်။ကျေးရွာလူထုအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုအတွက် အရေးပေါ်ကျန်းမာရေးအခြေအနေများတွင် ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကြပါသည်။ရေလမ်းခရီးဖြင့် သာမြို့နယ်ဆေးရုံ၊ဆေးပေးခန်းများသို့ သွားလာနိုင်သဖြင့် အရေးပေါ် ကျန်းမာရေးအခြေအနေများတွင် သွားလာရေး အခက်အခဲရှိပါသည်။ကျေးရွာတွင် ကျေးရွာသောက်ရေကန်မှ သောက်ရေကို အသင့်အတင့်လောက်သာရရှိကြပြီး ဝမ်းပျက်၊ဝမ်းလျှော၊တိုက်ဖွိုက်၊အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ မရှိသလောက်နည်းပါးပါသည်။

## (င)ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့ရှိပါသည်။ရွာသားအများစုသည် အခြေခံ အရေး၊အဖတ်အတတ်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရပညာတတ် အရေအတွက်အသင့်အတင့်ရှိပါသည်။ကျေးရွာတွင် အခြေခံပညာနှင့် အလယ်တန်းပညာပြီးဆုံး၍ ကျောင်းထွက်နှုန်းမှာ အသင့်အတင့်ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။အခြေခံပညာရေးနှင့် အလယ်တန်းပညာရေးကိုသာ ကျေးရွာတွင် သင်ယူပြီးမြောက်နိုင်ပြီး အထက်တန်းပညာရေးကို သင်ယူနိုင်ရန်အတွက် ဘိုကလေးမြို့တွင်သာတက်ရောက် သင်ယူနိုင်ကြပါသည်။အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်၊လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်းနည်းပါးဆဲဖြစ်ပါသည်။

## (စ)ကျား၊မရေးရာ

ကျား၊မဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိပါသည်။လုပ်အားခတန်ဖိုးမှာလည်း အမျိုးသားများက အမျိုးသမီးများထက် ပို၍ရကြပါသည်။ကျေးရွာလူမှု အဖွဲ့အစည်းများ၏ စံနှုန်းများအရ ကျေးရွာတွင်းရှိ အဖွဲ့အစည်းများတွင် ကျား၊မပါဝင်ဆောင်ရွက်မှုတို့ ကောင်းစွာရှိကြပါသည်။

လယ်ယာလုပ်ငန်းခွင်များတွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများကို လုပ်ကိုင်ကြပြီး အမျိုးသားများသည် လယ်ထွန်ခြင်း၊ပျိုးကျဲခြင်းစသော လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။သာသာရေး အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲများတွင် ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် အမျိုးသား၊ အမျိုးသမီး တန်းတူ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူ ညီစွာရရှိသည်ဟု ယေဘူယျ ပြောနိုင်ပါသည်။ကျား၊မရေးရာ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာ ပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မ တန်းတူ ညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအ ထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

### (က)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့နှင့်စီးပွား ရေးဆိုင်ရာ အဖွဲ့အစည်း(၂) တို့ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် သာရေး၊နာရေး လုပ်ငန်း ကိစ္စများတွင် ကျေးရွာလူထုမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။ကျေးရွာတွင် ဖြစ်ပျက် သမျှကိစ္စ ကြီးငယ်များတွင် တစ်ရွာလုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြသော အလေ့အကျင့် ကောင်းများရှိ ပါသည်။ခြုံငုံသုံးသပ်ရလျှင် သာရေး၊နာရေး ကိစ္စရပ်များ ဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် အားနည်းနေသေးကြောင်း သိရှိရပါသည်။

### (ခ)သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့်နွေစပါးကို အဓိကထား စိုက်ပျိုးကြပြီး တစ်ချို့အိမ်ထောင်စုများမှာ ဓနိ တောမြေများ ပိုင်ဆိုင်ကြပါသည်။မိုးစပါးနှင့်နွေစပါး စိုက်ပျိုးဧက(၅၁၁)ဧကရှိပါသည်။မိုးတစ်ဧကပျမ်း မျှထွက်နှုန်းမှာ (၃၅)တင်းနှင့် နွေစပါးတစ်ဧက ပျမ်းမျှထွက်နှုန်းမှာ (၈၀)တင်းမျှရှိပါသည်။စိုက်ပျိုးရေး ကဏ္ဍနှင့် ပတ်သက်၍ နည်းပညာနှင့် ဝန်ဆောင်မှုများ လက်လှမ်းမှီမှု အားနည်းပါသည်။လယ်သမားအ များစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ကြရပြီး လုပ် သားငှါးရမ်းမှု ကုန်ကျစရိတ် ပိုမိုမှသာ လုပ်ငန်း အဆင်ပြေကြပါသည်။ စိုက်ပျိုးရေးဌာန၊ စိုက်ပျိုးရေး ပစ္စည်း၊ကုမ္ပဏီများနှင့် ချိတ်ဆက်နိုင်မှု အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်ရေးကို စီးပွားဖြစ် လုပ်ကိုင်ကြသော အိမ်ထောင်စု နည်းပါးပါသည်။ကြက်၊ဘဲနှင့်ဝက်တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြသော အိမ်ထောင်စုများ ရှိပါသည်။ရာ သီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်ပါသည်။မြေယာမဲ့ဆင်းရဲ သောအိမ်ထောင်စုများအနေဖြင့် မွေးမြူရေး လုပ်ငန်းတည်ထောင်နိုင်ရန်၊တိုးချဲ့ဆောင်ရွက်နိုင်ရန် ချေး ငွေများရရှိနိုင်ပါက ပို၍အဆင်ပြေကြပါမည်။ကျေးရွာတွင် ငါးကန်၊ပုစွန်ကန် လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။

### (ဂ)စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို စီးပွားဖြစ် မလုပ်ကိုင်နိုင်ကြသော အိမ်ထောင်စုများ အနေဖြင့် ရေချိုးရေငန် ငါးဖမ်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို တစ်ပိုင်တစ်နိုင် လုပ်ကိုင် ကြပါသည်။ အစိုးရဝန်ထမ်းများနှင့် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်း လုပ်ကိုင်ကြသော အိမ်ထောင်စုများ

လည်းအနည်းငယ်ရှိပါသည်။ဝင်ငွေရလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအများမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးကို အဓိကထား စိုက်ပျိုးကြပြီး ကျေးရွာမှ လက်လုပ်လက်စား အလုပ်သမားများအတွက် စပါးရိတ်သိမ်းခလုပ်အားခကို ဧကဖြင့် သတ်မှတ်ကြပြီး မိုးစပါးနှင့် နွေစပါး တစ်ဧက ရိတ်သိမ်းခမှာ(၆၀၀၀ဝိ/-)မှ (၇၀၀၀ဝိ/-) ကျပ်အထိရကြပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်းမှာ ရွာဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းဖြစ်ပါသည်။အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးနိုင်ပါက ဝင်ငွေပိုမိုကောင်းမွန်နိုင်ပါသည်။

**(ဃ)သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်**

ကျေးရွာရှိ စိုက်ပျိုးမြေများသည် နှစ်စဉ် စပါးစိုက်ခြင်း၊ဓါတုဗေဒကွေန်ပေါင်း မြေသြဇာများ အသုံးပြုခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးမှုများ အနည်းငယ်ကြုံတွေ့နေရပါသည်။စွန့်ပစ်ပစ္စည်းများ အနေဖြင့် လည်းပလက်စတစ် အိတ်ခွံ၊ ပုလင်းခွံ ဗူးခွံများကို စနစ်တကျ မစွန့်ပစ် ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။ကျေးရွာမှာ ဂုံညင်းတန်းမြစ်ဘေးတွင် တည်ရှိသဖြင့် ရေကြီး၊ ရေလွှမ်းခြင်း၊ မုန်တိုင်း ဘေးအန္တရာယ်တို့ ကျရောက်ခံစားမှုလွယ်ကူနိုင်ပါသည်။

**(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောကာလတိုချေးငွေကိုချေးယူနိုင်ကြပါသည်။ပုဂ္ဂလိကငွေစု၊ငွေချေးအဖွဲ့များနှင့် ချိတ်ဆက်မှု အားနည်းပါသည်။ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေသည်ကျေးရွာနေ အိမ်ထောင်စုအားလုံး၏ စားဝတ်နေရေးအတွက်များစွာ အထောက်အကူပြုပါသည်။ ကျေးရွာနေ ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် ရိက္ခာ၊ဝင်ငွေရလုပ်ငန်း၊ကျန်းမာရေး၊ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။

**(စ)ပညာရေး၊ ကျန်းမာရေး၊ သောက်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းရှိပြီး ၃၀'× ၆၀' အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ ကျောင်းဆောင်တွင် ပညာသင်ကြားပေးနိုင်ပါသည်။ကျေးရွာတွင် အခြေခံပညာနှင့် အလယ်တန်းပညာပြီးဆုံး၍ ကျောင်းထွက်နှုန်းမှာ အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ကျောင်းဆရာ/ဆရာမ အင်အားမှာ လုံလောက်မှုရှိပါသည်။

ကျေးရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းမှ ရရှိပါသည်။အရေးပေါ်အခြေအနေဖြစ်ပါက မြို့နယ်ဆေးရုံမှာ ကုန်လမ်းဆက်သွယ်ရေး မလွယ်ကူသည့်အတွက်ရေလမ်းဖြင့်သွားပါက ရေမိုင်(၅)မိုင်ခန့် ကွာဝေးသော ဘိုကလေးမြို့တွင်သာ တည်ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေ ရရှိမှုမှာ ကန်ရေကိုသာ အဓိကထားသောက်ကြပါသည်။ကျေးရွာ၏ အိမ်ထောင်စုအနည်းငယ်မှာ ယင်လုံအိမ်သာ အသုံးပြုနိုင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။သောက်ရေကန်မှာလည်း ခြံစည်းရိုးကာရံရန် လိုအပ်လျှက်ရှိပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာရှိလူငယ်များအနေဖြင့် လူမှုရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လေ့ရှိကြပြီး၊အလုပ်အကိုင် အခွင့်အလမ်း ရှားပါးမှုပြဿနာကို ရင်ဆိုင်နေကြရပါသည်။ လူငယ်အမျိုးသား၊အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အသိပညာ၊အတတ်ပ ညာပေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်ပါက များစွာတိုးတက် ဖွံ့ဖြိုးလာနိုင်ပါသည်။

**(ဇ)အခြေခံအဆောက်အဦး - လမ်းတံတား၊လျှပ်စစ်မီး၊ သတင်းနှင့် ဆက်သွယ်ရေး**

ဘိုးရောင်ကျေးရွာသည် မြင်းကကုန်းဒိုင်နယ် မြို့နှင့် အနီးဆုံးအနေအထားတွင် ရှိနေပြီး ကုန်း လမ်းဆက်သွယ်မှု အသင့်အတင့် လွယ်ကူချောမွေ့နေသော်လည်း ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသား လမ်းဖြစ်နေသည့်အတွက် ရာသီမရွေး သွားလာနိုင်သောလမ်း ဖြစ်မြောက်ရန်အတွက် အဆင့်မြှင့်တင်ပေး ရန်လိုအပ်နေပါသည်။မြို့နှင့်အလှမ်းဝေးသောနေရာတွင် တည်ရှိသည့်အတွက် လျှပ်စစ်မီးအသုံးမပြုနိုင် သေးပါ။မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အိမ်ထောင်စုများအားလုံး အသုံးမပြုနိုင်ပါ။ကျေးရွာတွင် ဆက် သွယ်ရေးနှင့် သတင်းအချက်အလက် ဆက်သွယ်သိရှိနိုင်မှု အသင့်အတင့် ဖွံ့ဖြိုးတိုးတက်မှု ရှိနေပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုမရှိသလောက်နည်းပါးပါသည်။ တည်ငြိမ်အေးချမ်းမှုကြောင့် ရွာတွင်း၊ရွာပြင် ခိုး၊ဆိုး၊လုနှိုက်မှုများ ဖြစ်ပွားခြင်း မရှိပါ။ ကျေးရွာအတွက် သဘာဝဘေး အန္တရာယ် လျော့ပေါ့ရေး အစီအစဉ်များ၊အဆောက်အအုံများ သီးသန့်ထားရှိနိုင်လျှင် ပိုမိုကောင်းမွန်ပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က)ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ဘိုးရောင်ကျေးရွာသည် ဂုံညှင်းတန်းမြစ်နံဘေးတွင် တည်ရှိနေသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ကုန်ကြမ်းပစ္စည်းများ သယ်ယူဆောင်ရွက်မှု အဆင်ပြေသော အနေ အထားတွင်ရှိပါသည်။ကျေးရွာ၏ ရွာတွင်းလမ်းများ ကောင်းမွန်လာပါက ကျေးရွာရှိမိသားစုများ လူနေ မှုအဆင့်အတန်းများစွာ တိုးတက်လာပါမည်။ကျေးရွာလူဦးရေ အားလုံး၏(၇၀%)မှာ အလုပ်လုပ်ကိုင် နိုင်သောအရွယ်များဖြစ်ပါသည်။ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီးအသက်မွေးဝမ်းကျောင်း သင်တန်း များကိုလူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူ့စွမ်းအား အရင်းအမြစ်များစွာ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေပါသည်။ကျေးရွာနေပြည်သူတို့၏ ကျန်းမာရေးမှာ ဆိုးရွားသော အခြေအနေမျိုးမရှိပါ။ ကျေးရွာဆေးပေးခန်းရှိသည့်အတွက် ကျန်းမာရေးဝန်ဆောင်မှုမှာ အဆင်ပြေမှုရှိပါသည်။

ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများနှင့် ပြင်ပပုဂ္ဂလိက အဖွဲ့အစည်းများ အသင့်အတင့်ရှိသည့် အတွက်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် များစွာကောင်းမွန်သော အနေအထား တွင်ရှိပါသည်။စိုက်ပျိုးရေးဌာန၊မွေးမြူရေးဌာနတို့နှင့် ချိတ်ဆက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူ ရေးကဏ္ဍတို့အတွက် နည်းပညာပေး အစီအစဉ်များ၊သင်တန်းများ၊ဟောပြောပွဲများ ကျင်းပပေးနိုင်ပါက ပို၍အထောက်အကူဖြစ်ပါမည်။သဘာဝအရင်းအမြစ်များအနေဖြင့် လယ်ယာမြေများသည် မြေဆီမြေသြ ဇာအသင့်အတင့်ကောင်းမွန်သော အခြေအနေတွင်ရှိပြီး တောင်သူများမှာ လယ်ယာထွက်ကုန်များကိုမြို့ သို့တင်ပို့ရောင်းချမှုအတွက် ရေလမ်းမှ ဆက်သွယ်ကြရပါသည်။ ကျေးရွာတွင်ရာဇဝတ်မှုနည်းပါးသည့် အတွက်တည်ငြိမ်အေးချမ်းပြီးလူမှုဝန်ဆောင်မှုများအတွက်လက်လှမ်းမှီ အသုံးပြုနိုင်ကြပါသည်။သတင်း

အချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုများကိုလည်း အသင့်အတင့် အသုံးပြုနိုင်ကြပါသည်။လူမှုရေး အသင်းအဖွဲ့များ၊ လူငယ်အဖွဲ့များရှိသည့်အတွက် ပညာရေး၊ကျန်းမာရေး၊ လူမှုရေး၊ဖွံ့ဖြိုးရေးကိစ္စ အဝဝ အတွက်ကူညီဆောင်ရွက်မှုများ တက်ညီလက်ညီရှိကြပါသည်။

### (ခ)အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာ၏ကြီးမားသော အဟန့်အတားမှာ ကျေးလက်နှင့်မြို့ပြဆက်သွယ်ရေး ကုန်းလမ်းဆက် သွယ်မှုအနေအထားမှာ အသင့်အတင့် အဆင်ပြေမှုရှိသော်လည်း မြေသားလမ်းဖြစ်နေသည့်အတွက် ရာသီမရွေး သွားလာနိုင်မှု မရှိသည့်အတွက် ရေကြောင်းလမ်းမှ ဆက်သွယ်ရသောကြောင့် အချိန်ကြာမြင့် ခြင်း၊စရိတ်စကကြီးမားခြင်းစသော အခက်အခဲများ ရင်ဆိုင်ကြရပါသည်။ အဖွဲ့အစည်းများ ကျေးရွာအ တွင်းတွင် ဖွဲ့စည်းထားရှိမှုရှိသော်လည်း ချိတ်ဆက်မှုအားနည်းကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စု များသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုအားနည်း ပြီးအပန်းဖြေစရာနေရာ သီးသန့်ထားရှိခြင်းမရှိပါ။ကျေးရွာတွင် မူလွန်ကျောင်းအဆင့်သာရှိပြီး အလယ် တန်း၊အထက်တန်းပညာရေး သင်ယူနိုင်ရန်အတွက်များစွာ အခက်အခဲရှိနေပါသည်။အထက်တန်းပညာ ရေးအတွက် သွားလာရခက်ခဲခြင်း၊လမ်းပန်းမသာသဖြင့် မူလတန်းကျောင်းထွက်နှုန်း မြင့်မားလျှက်ရှိ ပါသည်။ကျန်းမာရေးအတွက် အရေးပေါ်အခြေအနေများတွင် အနီးဆုံးဆေးရုံသို့သွားလာရာတွင် ရာသီ မရွေးသွားလာနိုင်သည့် ကုန်းလမ်းဆက်သွယ်မှုမရှိသည့်အတွက်များစွာ အခက်အခဲရှိနေပါသည်။စနစ်တ ကျဖွဲ့စည်းထားရှိသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ မရှိသေးပါ။

### ၆။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်မှုအခြေအနေပြဇယား

**ဘိုးရောင်ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား**

| ပြဿနာ | အကြောင်း အရင်း | အခြေအနေ ကောင်းများ | အဟန့်အတား နှင့်စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်း | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|
| ကျေးရွာကွင်းထွက်လမ်းမှာ မိုးရာသီတွင်သွားလာရခက် ခဲခြင်း | ကျေးရွာကွင်းထွက် လမ်းမှာမြေသား၊ သဲခင်းဖြစ်နေ ခြင်း အဆင့်မြှင့်တင်ရန် လွယ်ကူခြင်း | ကျေးရွာမှလုပ်သား အင်အားရှိခြင်း၊မြေအ လှူရှင်များရှိခြင်း၊ ကျေးရွာကွင်းထွက် လမ်း အဆင့် မြှင့်တင် ပြီးပါကကျန်းမာရေး၊ပ ညာရေး၊စီးပွားရေးတို့ ကောင်းမွန်ခြင်း | ဆင်းရဲသောအိမ် ထောင်စုများသော ရွာဖြစ်သဖြင့်ငွေ ကြေးမတတ်နိုင်ခြင်း | လမ်းပန်းဆက်သွယ် မှုကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ကျေးရွာကွင်းထွက် လမ်းကွန်ကရစ်ခင်း ခြင်း၊ရွာချင်းဆက် လမ်းဖောက်လုပ်ခြင်း | ကျေးရွာကွင်းထွက် လမ်း အဆင့်မြှင့် တင်ခြင်း |
| ကျေးရွာအရှေ့ဘက်လမ်းမှာ မိုးရာသီတွင်သွားလာရခက် ခဲခြင်း | ကျေးရွာအရှေ့ ဘက်လမ်းမှာ မြေသား၊သဲခင်း ဖြစ်နေခြင်းအဆင့် မြှင့်တင်ရန်လွယ် ကူခြင်း | ကျေးရွာမှလုပ်သား အင်အားရှိခြင်း၊မြေအ လှူရှင်များရှိခြင်း၊ ကျေးရွာအရှေ့ဘက် လမ်းအဆင့်မြှင့်တင်ပြီး ပါကကျန်းမာရေး၊ပ ညာရေး၊စီးပွားရေးတို့ ကောင်းမွန်ခြင်း | ဆင်းရဲသောအိမ် ထောင်စုများသော ရွာဖြစ်သဖြင့်ငွေ ကြေးမတတ်နိုင်ခြင်း | လမ်းပန်းဆက်သွယ် မှုကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ကျေးရွာအရှေ့ဘက် လမ်းကွန်ကရစ်ခင်း ခြင်း၊ရွာချင်းဆက် လမ်းဖောက်လုပ်ခြင်း | ရွာအရှေ့လမ်း အားအဆင့် မြှင့်တင် ခြင်း |

| ပြဿနာ | အကြောင်း အရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|
| ကျေးရွာနောက်ဘက်လမ်းမှာမိုးရာသီတွင်သွားလာရခက်ခဲခြင်း | ကျေးရွာနောက်ဘက်လမ်းမှာမြေသား၊သဲခင်းဖြစ်နေခြင်းအဆင့်မြှင့်တင်ရန်လွယ်ကူခြင်း | ကျေးရွာမှလုပ်သားအင်အားရှိခြင်း၊မြေအလှူရှင်များရှိခြင်း၊ကျေးရွာနောက်ဘက်လမ်းအဆင့်မြှင့်တင်ပြီးပါကကျန်းမာရေး၊ပညာရေး၊စီးပွားရေးတို့ကောင်းမွန်ခြင်း | ဆင်းရဲသောအိမ်ထောင်စုများသောရွာဖြစ်သဖြင့်ငွေကြေးမတတ်နိုင်ခြင်း | လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်ဆောင်ရွက်ခြင်း၊ကျေးရွာနောက်ဘက်လမ်းကွန်ကရစ်ခင်းခြင်း၊ရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း | ရွာအနောက်လမ်းအဆင့်မြှင့်တင်ခြင်း |
| စာသင်ကျောင်းဆောင်မလုံလောက်ခြင်း | ကျေးရွာရှိစာသင်ကျောင်းမှာ၃၀'×၆၀'ကျောင်းဆောင်(၂)ဆောင်ရှိပါသော်လည်းကျောင်းသားအင်အားလုံလောက်မှုမရှိခြင်း | ကျောင်းဆောင်၏နောက်တွင်မြေကွက်လပ်ရှိ၍ထပ်မံဆောက်မည်ဆိုပါကအဆင်ပြေမှုရှိခြင်း၊ကျေးရွာမှလုပ်သားအင်အားရှိခြင်း | ဆင်းရဲသောအိမ်ထောင်စုများသောရွာဖြစ်သဖြင့်ငွေကြေးမတတ်နိုင်ခြင်း | ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍စာသင်ကျောင်းဆောင်အသစ်ရရှိအောင်တင်ပြလျှောက်ထားမည်၊ပုံစံဝင်သောကျောင်းဆောင်အသစ်ရရှိရန်ဆောင်ရွက်မည်။ | စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း |
| ပါတူးချောင်း၊ဘိုးရောင်ရေကျော်လမ်းမှာမိုးရာသီတွင်သွားလာရခက်ခဲခြင်း | မြေသား၊သဲခင်းဖြစ်နေခြင်းအဆင့်မြှင့်တင်ရန်လွယ်ကူခြင်း | ကျေးရွာမှလုပ်သားအင်အားရှိခြင်း၊မြေအလှူရှင်များရှိခြင်း | ရန်ပုံငွေမရှိခြင်း၊ကျေးရွာကော်မတီဖွဲ့စည်း၍ကျေးလက်ဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်ဆောင်ရွက်ခြင်း၊ပါတူးချောင်းဘိုးရောင်၊ရေကျော်လမ်းကွန်ကရစ်ခင်းခြင်း | လမ်းပန်းဆက်သွယ်ရေးအဆင့်မြှင့်တင်ခြင်း |
| ကျေးရွာကုန်စည်ကူးသန်းရောင်းဝယ်မှုခက်ခဲမှုရှိခြင်း | ဆိပ်ခံတံတား(၁)စင်းသာရှိခြင်း၊အသစ်တည်ဆောက်ရန်လိုအပ်ခြင်း | တံတားတည်ဆောက်ရန်မြေနေရာအသင့်ရှိခြင်း | ဆင်းရဲသောအိမ်ထောင်စုများသောရွာဖြစ်သဖြင့်ငွေကြေးမတတ်နိုင်ခြင်း ကျေးရွာရန်ပုံငွေမရှိခြင်း | ဆိပ်ခံတံတားတည်ဆောက်ပေးခြင်း | ဆိပ်ခံတံတားတည်ဆောက်ခြင်း |
| အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း | လယ်ယာလုပ်ငန်းတစ်ခုသာလုပ်ကိုင်မှုရှိခြင်း | အလုပ်လုပ်ကိုင်နိုင်သောလူငယ်များရှိနေခြင်း | အနီးပတ်ဝန်းကျင်တွင်စက်ရုံ၊အလုပ်ရုံမရှိခြင်း | အသေးစားအိမ်တွင်းလုပ်ငန်းများ၊အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများပို့ချပေးခြင်း | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း |
| အပန်းဖြေနေရာသီးသန့်မရှိခြင်း၊အသိပညာ၊ဗဟုသုတအားနည်းကြခြင်း | လူငယ်များအချိန်ဖြုန်းစရာများစွာရှိနေခြင်း၊ပညာရေးအသိအမြင်အားနည်းခြင်း | စာဖတ်မည့်လူငယ်၊လူရွယ်များရှိနေခြင်း၊စာကြည့်တိုက်ဆောက်လုပ်ရန်မြေနေရာရှိနေခြင်း | ကျေးရွာရန်ပုံငွေမရှိခြင်း၊ပညာရေးနှင့်ပတ်သက်၍စာအုပ်စာပေအလှူရှင်များလက်လှမ်းမမီခြင်း | ကျေးရွာပိုင်စာကြည့်တိုက်ဆောက်လုပ်ပေးခြင်း | စာကြည့်တိုက်တည်ဆောက်ပေးခြင်း |
| စိုက်ပျိုးရေး၊မွေးမြူရေးထွက်ကုန်များနိမ့်ကျနေခြင်း၊မျိုးကောင်းမျိုးသန့်ရှားပါးခြင်း | နည်းပညာသင်တန်းများဟောပြောပို့ချမှုများမရှိခြင်း၊စိုက်ပျိုးရေးကုမ္ပဏီများကွင်းဆင်းမှုအားနည်းခြင်း | စိတ်ပါဝင်စားသည့်လယ်သမားများမွေးမြူရေးလုပ်ကိုင်သူများရှိနေခြင်း၊မြို့နယ်စိုက်ပျိုးမွေးမြူရေးဌာနများရှိခြင်း | သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း၊စိုက်ပျိုးရေးပညာပေးအစီစဉ်များအားလက်လှမ်းမမှီခြင်း | စိုက်ပျိုးရေးနှင့်မွေးမြူရေးနှင့်ဆိုင်သောနည်းပညာဟောပြောပွဲများသင်တန်းများပို့ချပေးခြင်း၊အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်သင်တန်းပေးခြင်း |

| ပြဿနာ | အကြောင်း အရင်း | အခြေအနေ ကောင်းများ | အဟန့်အတား နှင့်စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်း | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|
| နာရေးကိစ္စဆောင်ရွက်ရန် ခက်ခဲခြင်း | သုသာန်မြေဧရိယာ ကျဉ်းမြောင်းခြင်း | ကျေးရွာရပ်မိ/ရပ်ဖများ နှင့်အုပ်ချုပ်ရေးမှူးမှ နာရေးအမှုကိစ္စအ တွက်မီးသင်္ဂြိုလ်စက်ရရှိ ရန်ဆောင်ရွက်လိုခြင်း | ကျေးရွာရန်ပုံငွေမရှိ ခြင်း | မီးသင်္ဂြိုလ်စက်တည် ဆောက်ခြင်း | မီးသင်္ဂြိုလ်စက် တည်ဆောက်ခြင်း |

## ၇။ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်စီမံကိန်းများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးနိုင်မှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိမှုများကို ပြည်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန် ဖြစ်ပါသည်။

### (က)ကျေးရွာကွင်းထွက်လမ်းအဆင့်မြှင့်တင်တည်ဆောက်ခြင်း

ကျေးရွာကွင်းထွက်လမ်းမှာ မြေသားလမ်း ဖြစ်နေသည့်အတွက် ရာသီမရွေး အသုံးမပြုနိုင်ဘဲသွားလာရခက်ခဲမှုများ ကြုံတွေ့နေရပါသည်။အဓိကအားဖြင့် ကျောင်းသား/သူများနှင့် ကျန်းမာရေး အခြေအနေတို့တွင် ပို၍အခက်အခဲ ကြုံကြရပါသည်။ကျေးရွာကွင်းထွက်လမ်း အဆင့်မြှင့်တင်နိုင်ပါက ကျေးရွာ၏ကွင်းပြင်ရှိ မိသားစုများ၊ကျောင်းသား/သူများမှာ ရွာမနှင့်အလွယ်တကူ သွားလာနိုင်ပြီး ကျေးရွာ၏ဖွံ့ဖြိုးရေးကို များစွာဖွံ့ဖြိုး တိုးတက်လာစေနိုင်ပါသည်။

### (ခ)ကျေးရွာ ရွာတွင်းလမ်း(အရှေ့)အဆင့်မြှင့်တင်တည်ဆောက်ခြင်း

ကျေးရွာ ရွာတွင်းလမ်း(အရှေ့)မှာ **“အေးရွာ”**ကျေးရွာ **“ဝဲကြီး”**ကျေးရွာ **“သံလိုက်”**ကျေးရွာတို့နှင့်ထိစပ်ဆက်သွယ်မှုရှိပြီး မြင်းကကုန်းကျေးရွာထိ ဆက်သွယ်သွားလာနိုင်သော်လည်း မြေသားလမ်းဖြစ်နေသည့်အတွက် အထူးသဖြင့် မိုးရာသီကာလတွင် သွားလာရခက်ခဲမှုများစွာ ကြုံနေရပါသည်။ကျေးရွာ ရွာတွင်းလမ်း(အရှေ့)ကို အဆင့်မြှင့်တင် တည်ဆောက်ပြီးပါက ဘိုးရောင်ကျေးရွာမိသားစုများအားလုံးနှင့်အတူ ရဟန်း၊ရှင်လူ၊ကျောင်းသား/သူများ၊ပတ်ဝန်းကျင် ကျေးရွာမှ ကျောင်းသား/သူ အများသူငါများအနေဖြင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီး ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေး၊ကျန်းမာရေး၊စီးပွါးရေးလိုအပ်ချက်များစွာ အထောက်အကူဖြစ်စေနိုင်ပြီး ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှာများစွာလျှင်မြန် တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ဂ)ကျေးရွာအနောက်ဘက်လမ်းပြုပြင်တည်ဆောက်ခြင်း**

ဘိုးရောင်ကျေးရွာ အနောက်ဘက်လမ်းမှာ မြေသားလမ်းဖြစ်နေသဖြင့် ရာသီမရွေး သွားလာရ ခက်ခဲမှုရှိပါသည်။ အဆိုပါလမ်းကို တည်ဆောက်ပေးနိုင်ပါက **"ရေကျော်"**ကျေးရွာသို့ ဆက်သွယ်သွား လာနိုင်ပြီး ကျောင်းသား/သူများ၊ အများသူငှါသွားလာရေး အဆင်ပြေစေပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါသည်။

**(ဃ)စာသင်ကျောင်းအဆင့်မြှင့်တင်တည်ဆောက်ခြင်း**

ကျေးရွာတွင် ပညာသင်ကြားနိုင်မှုမှာ မူလွန်အဆင့်ထိသာ ရှိနေသဖြင့် ဆင်းရဲသားမိသားစုများမှ သားသမီးများမှာ ပညာဆက်လက်သင်ကြားနိုင်မှုမှာ များစွာအခက်အခဲရှိနေပါသည်။(အ.လ.က)အဆင့် ကျောင်းဆောင်တည်ဆောက်ပေးပါက ကျေးရွာအတွင်းရှိ ကျောင်းသား/သူအားလုံး ပညာရေးအဆင့်ပိုမို မြင့်မားလာပြီး ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား/သူများအတွက်လည်းများစွာ အထောက်အကူ ဖြစ်စေပြီး ကျေးရွာ၏ အနာဂတ် လူငယ်လူရွယ်များ ပညာရည်မြင့်မားနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မှာပိုမိုကောင်းမွန် တိုးတက်လာပါမည်။

**(င)ပါတူးချောင်း-ဘိုးရောင်-ရေကျော်လမ်း တည်ဆောက်ပေးခြင်း**

အဆိုပါလမ်းမှာ မြေသားလမ်းဖြစ်နေသည့်အတွက် မိုးရာသီကာလများတွင် ကျောင်းသူ/သားများ အများပြည်သူများ သွားလာမှုမှာ များစွာအခက်အခဲကြုံနေရပါသည်။အဆိုပါလမ်းကို တည်ဆောက်ပေး နိုင်ပါက ပါတူးချောင်း-ဘိုးရောင်-ရေကျော် ရွာများမှ ကျေးရွာသူ/သားများ တစ်ရွာနှင့်တစ်ရွာ အချိန်မ ရွေးဆက်သွယ် သွားလာနိုင်ပြီး ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်ပါသည်။

**(စ)ကျေးရွာဆိပ်ခံတံတားအသစ်တည်ဆောက်ခြင်း**

ကျေးရွာသည် ကုန်းလမ်းဆက်သွယ်မှု ခက်ခဲသဖြင့် ရေလမ်းကိုသာ အဓိကထား ဆက်သွယ်သွား လာမှုရှိပါသည်။ကျေးရွာတွင် ဆိပ်ခံတံတားမှာ တစ်စင်းသာရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စုအားလုံးအ တွက်သွားလာမှု အဆင်မပြေသဖြင့် အခက်အခဲများစွာကြုံတွေ့ရပါသည်။ကျေးရွာအနေအထားဖြင့်သင့် တော်မည့်နေရာတွင် ဆိပ်ခံတံတား တည်ဆောက်ပေးပါက ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအ ထောက်အကူဖြစ်စေနိုင်ပါသည်။

**(ဆ)ကျား/မအလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိရေး**

ကျေးရွာတွင် ကျေးရွာနေပြည်သူများ၏ (၇၀%)မှာ အလုပ်လုပ်ကိုင်နိုင်သော အရွယ်များဖြစ်ပါ သည်။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းသာ အဓိကထား လုပ်ကိုင်ကြသဖြင့်ရာသီ အလိုက်သာလုပ်ကိုင်ကြရပါသည်။အသေးစားအိမ်တွင်းမှုလုပ်ငန်းများ စီစဉ်ပေးခြင်း၊အသက်မွေးဝမ်း ကျောင်းအတတ်ပညာသင်တန်းများ ပို့ချပေးခြင်းဖြင့် ကျေးရွာရှိ လုပ်သားများ၏ လုပ်အားစွမ်းရည်များ တိုးတက်လာပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်လာစေနိုင်ပါသည်။

**(ဇ)ကျေးရွာပိုင်စာကြည့်တိုက်တည်ဆောက်ခြင်း**

ကျေးရွာတွင် အပန်းဖြေနားနေစရာ သီးသန့်ထားရှိခြင်း မရှိပါ။ကျေးရွာပိုင်စာကြည့်တိုက်တည် ဆောက်ပေးပါက စာဖတ်ရင်း အပန်းဖြေခြင်းဖြင့် ကျေးရွာရှိ ရွာသူ/သားများ၊အနာဂါတ်မျိုးဆက်များ ပညာရည်ဗဟုသုတ တိုးပွားလာပြီး လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာနိုင်ပြီး ကျွန်ုပ်တို့ကျေးရွာ သည်ပိုမိုဖွံ့ဖြိုး တိုးတက်လာပါမည်။

**(ဈ)စိုက်ပျိုးရေးနှင့်မွေးမြူရေးတိုးတက်ကောင်းမွန်စေရေး**

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် သာမွေးမြူကြပါသည်။စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆိုင်သော သင်တန်းများ ဟောပြောပို့ချပေးခြင်း၊သက် ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊ဈေးကွက်များရရှိအောင် စီစဉ်ပေးနိုင်ပါက ကျေးရွာရှိမိသား စုများစီးပွားရေး တိုးတက်လာပြီး ကျွန်ုပ်တို့ကျေးရွာ သည်ပိုမိုဖွံ့ဖြိုး တိုးတက်လာပါမည်။

**(ည)မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်း**

ကျေးရွာရှိ သုသာန်မြေဧရိယာမှာ (၀.၂၅)ဧကခန့်သာရှိပြီး မြစ်နံဘေးအစပ်တွင် တည်ရှိနေခြင်း ကြောင့်ရေကြီးချိန်၊ရေပြည့်ချိန်များတွင် နာရေးကိစ္စ ကူညီဆောင်ရွက်သူများအနေဖြင့် များစွာအခက်အခဲ ကြုံကြရပါသည်။မီးသင်္ဂြိုလ်စက် တည်ဆောက်ပေးခြင်းဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေပြီး နာရေးကူ ညီဆောင်ရွက်သူများမှာ များစွာအဆင်ပြေနိုင်ပါသည်။

**၈။စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သ ဘောထားနားလည်စေနိုင်မည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည် (၅)နှစ် တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ် ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက (၅)နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှု မရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထု သည်(၂)နှစ်၊(၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ် သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် (၅)နှစ်တာကာ ကျေး ရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ)ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification) ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း၊(Economic Classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊စွမ်းဆောင်ရည် မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။လုပ်ငန်း ကဏ္ဍကို အခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်း (Functional Classification) ဝန်ကြီးဌာနများ၊

ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Economic Classification)တွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

**(ဂ)ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ဆိုင်ရာ အမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍ/ကဏ္ဍခွဲ စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|
| **ကျေးရွာအဆောက်အအုံ** | | | | |
| ၁။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၇၀ | | ၁။ကျေးရွာကွင်းထွက်လမ်းအဆင့်မြှင့်တင်ခြင်း | ကျေးလက်ဦးစီးဌာန |
| | ၂၇ | | ၂။ကျေးရွာအရှေ့ဘက်လမ်းအဆင့်မြှင့်တင်ခြင်း | |
| | ၁၆ | | ၃။ကျေးရွာအနောက်ဘက်လမ်းအဆင့်မြှင့်တင်ခြင်း | |
| | ၁၅ | | ၅။ပါတူးချောင်း-ဘိုးရောင်-ရေကျော်လမ်းအဆင့်မြှင့်တင်ခြင်း | |
| ၂။ ခရီးသွားလာရေးတိုးတက်ကောင်းမွန်ရန်ဆောင်ရွက်ခြင်း | ၁၃ | | ၆။ကျေးရွာဆိပ်ခံတံတားတည်ဆောက်ခြင်း | |
| **ပညာရေး** | | | | |
| ၃။အသိပညာဗဟုသုတတိုးတက်ကြွယ်ဝရေး | ၁၅ | | ၄။စာသင်ကျောင်း(အ.လ.ကခွဲ)မှ(အ.လ.က)သို့အဆင့်မြှင့်တင်ခြင်း | |
| | ၉ | | ၈။စာကြည့်တိုက်ဆောက်လုပ်ခြင်း | |

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|
| **စွမ်းဆောင်ရည်မြှင့်တင်ရေး** | | | | |
| ၄။အလုပ်အကိုင်အခွင့်အလမ်းတိုးတက် ရရှိအောင်ဆောင်ရွက်ခြင်း အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်နိုင်ရန်ကြိုးပမ်းခြင်း | ၁၀ | | ၇။အလုပ်အကိုင်အခွင့်အလမ်းများတိုး တက်ရရှိရန်အတွက်အသက်မွေးဝမ်း ကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | |
| **စိုက်ပျိုးမွေးမြူရေး** | | | | |
| ၅။စိုက်ပျိုး၊မွေးမြူရေးထွက်ကုန်များ တိုးတက်မြင့်မာရေး၊မျိုးကောင်းမျိုး သန့်ရရှိရေး | ၈ | | ၉။စိုက်ပျိုးရေးနှင့်မွေးမြူရေးနှင့်ဆိုင်သော နည်းပညာဟောပြောပွဲများ၊သင်တန်းများ ပို့ချပေးခြင်း၊အဖွဲ့အစည်းများနှင့်ချိတ်ဆက် ပေးခြင်း | |
| **နာရေး** | | | | |
| ၆။နာရေးကိစ္စဆောင်ရွက်ရန် | ၈ | | ၁၀။မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်း | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရနခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ကျေးရွာကွင်းထွက်လမ်းအဆင့်မြှင့်ခြင်း | ၁ | ✓ | ✓ | ✓ | ✓ | ✓ |
| ၂။ကျေးရွာ(အရှေ့)လမ်းအဆင့်မြှင့်ခြင်း | ၂ | ✓ | ✓ | ✓ | | |
| ၃။ ကျေးရွာ(နောက်)လမ်းအဆင့်မြှင့်ခြင်း | ၃ | ✓ | ✓ | ✓ | | |
| ၄။စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၄ | ✓ | ✓ | ✓ | ✓ | ✓ |
| ၅။ ပါးတူးချောင်း-ဘိုးရောင်-ရေကျော်လမ်း အဆင့်မြှင့်ခြင်း | ၅ | ✓ | ✓ | ✓ | ✓ | |
